မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊


ကြံ့စိမ့်အုပ်စု၊ ကြံ့စိမ့်ကျေးရွာ

# ကျေးရွာလက်စွဲစာအုပ်



Scanned by CamScanner

…ကျေးရွာအုပ်စု၊ လေသဲကျွန်း၊ မြောင်မြို့နယ်၊ ကျော်စိမ်းဒုပဲရ၊ ကြည်မိုင်ပေါ်ကျေးရွာ၏လူမှုရေးနှင့်အခြေအနေပြမြေပုံ



အစည်းအဝေးမှတ်တမ်း

ကြံစိမ့်ကျေးရွာ ၊ ကြံစိမ့်ကျေးရွာအုပ်စု ၊ မြိုင်မြို့နယ်

မကွေးတိုင်းဒေသကြီး

အစည်းအဝေးပြုလုပ်ရခြင်း ရည်ရွယ်ချက် အရင်းအမြစ်ပြမြေပုံသုံးသပ်ရန်

| | |
|---|---|
| နေ့စွဲ ၊ ၆-၁-၂၀၁၇ | အစည်းအဝေးစတင်ချိန်- နေ့လည်(၁)နာရီ |
| အစည်းအဝေးကျင်းပသည့်နေရာ | ပြီးဆုံးချိန် - ညနေ (၄) နာရီ |
| | ကြာချိန် - (၃) နာရီ |

ပွဲပိုးသူ၏အမည် – ဦးကျော်သက်လွင်

ကျေးရွာဖွံ့ဖြိုးရေး လူငယ်ကျော်သက်လွင်မှ အစည်းအဝေးတက်သူများအား ကြိုဆိုကာလူမှုရေးနှင့် အရင်းအပြစ်ပြ ပုံဆွဲခြင်း၏ရည်ရွယ်ချက်ကို ရှင်ပြပါသည်။ ကျော်သက်လွင်မှ ရွာသူရွာသားများအား သူတို့၏အချိန်များကို တောင်းဆိုပါသည်။ကျေးရွာဥက္ကဋ္ဌဦးပေါက်စမှ ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဖြစ်သည့်အတွက် အချိန်ပေးရမည်ဟုပြောပါသည်။ ကျော်သက်လွင်မှ ရပ်ကွက်လူထုအား ရွာ၏ပုံသဏ္ဍာန်နှင့် နယ်နမိတ်ကိုဆွဲရန်ပြောပါသည်။ကိုဆန်းညွန့်ဝင်းမှ ရွာ၏ပုံသဏ္ဍာန်သည် ထောင့်ချွန်နဲ့တူမြေလမ်းများ ဝိုင်းရံထားသည်ဟုပြောပြီး ရွာ၏ပုံသဏ္ဍာန်နှင့် နယ်နမိတ်ကို စတင်ဆွဲပါသည်။ထို့နောက် အခြားသောသူများလည်း ရွာ ၊ လမ်း ၊ အိမ် ၊ ရေကန် စသည်အားဖြင့် ဆွေးနွေးကြပါသည်။ဒီနေ့ဆွေးနွေးပွဲတွင် လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံကို အပြီးသတ်ဆွဲ၍အတူတကွ လေ့လာကြရန် အချိန်မရတော့ကြောင်း ထို့ကြောင့် မြေပုံကို ရပ်မိရပ်ဖများနှင့်ဖွံ့ဖြိုးရေးအဖွဲ့တွင် ပါဝင်သူများနှင့်ဆွဲထားလိုက်မည်ဖြစ်ကြောင်းပြန်လည်ရှင်းလင်းခြင်းနှင့် အတူတကွလေ့လာခြင်းကို နောက်တစ်ကြိမ်ဆွေးနွေးပွဲတွင်ပြုလုပ်မည်ဖြစ်ကြောင်းပြောပါသည်။ ထို့နောက် မိမိတို့ကျေးရွာတွင် ဆွေးနွေးပွဲချိန်နောက်ကျခြင်းအကြောင်းကို ဆွေးနွေးကြပါသည်။ မိမိတို့ကျေးရွာတွင် ဆွေးနွေးပွဲတစ်ခါခေါ်လျှင် တစ်နာရီမျှကြာသည်မှာအလေ့အထဖြစ်နေကြောင်း ဆွေးနွေးကြပါသည်။ ထို့ကြောင့်နောက်အကြိမ်ဆွေးနွေးပွဲပြုလုပ်လျှင် အချိန်ကိုစနစ်တကျ သတ်မှတ်၍ ဆွေးနွေးပွဲပြုလုပ်လျှင်မကောင်းဘူးလားဆိုသည်ကိုလည်း ဆွေးနွေးကြပါသည်။

<u>ဆွေးနွေးပွဲတက်ရောက်သူစာရင်း</u>

| | | | |
|---|---|---|---|
| ၁။ ဦးငွေအောင် | ၇။ ဦးကျော်သက်လွင် | ၁၃။ ဦးသန်းလင်း | ၁၉။ ဦးကျော်ငွေ |
| ၂။ ဦးကြည် | ၈။ ဒေါ်ခင်ညို | ၁၄။ ဦးဇော်နိုင်လင်း | ၂၀။ ဦးစောအောင် |
| ၃။ ဦးမျိုးခိုင် | ၉။ ဒေါ်စန်းရွှေ | ၁၅။ ဒေါ်ပန်းမြင့် | ၂၁။ ဦးစန်းညွန့်ဝင်း |
| ၄။ ဦးမျိုးကို (ကြီး) | ၁၀။ ဦးမျိုးမင်း | ၁၆။ ဒေါ်ဆန်းဝင်း | ၂၂။ ဒေါ်လှလှခိုင် |
| ၅။ ဦးနိုင်လင်း | ၁၁။ ဒေါ်ပုတာ | ၁၇။ ဦးဇော်ဇော် | ၂၃။ ဒေါ်သိန်းခိုင် |
| ၆။ ဦးနိုင်လင်း | ၁၂။ ဦးချစ်ဆိုင် | ၁၈။ ဦးဖိုးထွန်း | ၂၄။ ဒေါ်အေးမြင့်ဆွေ |

Scanned by CamScanner

## မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ကြံ့စိမ့်အုပ်စု ၊ ကြံ့စိမ့်ကျေးရွာ
## လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ အစီရင်ခံ

ရက်စွဲ။ ။၂၃-၁-၂၀၁၇

### တည်နေရာ

ကြံ့စိမ့်ကျေးရွာသည် မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ကြံ့စိမ့်အုပ်စုတွင် တည်ရှိပါသည်။ မြိုင်မြို့နယ်၏ အရှေ့တောင်ဘက်တွင် တည်ရှိပြီး မြိုင်မြို့နှင့်(၁၈)မိုင်ခန့်အကွာ ပခုက္ကူနှင့် (၁၈)မိုင်အကွာတွင်တည်ရှိပြီး ကြံ့စိမ့်ကျေးရွာ၏အရှေ့ဘက်(၅)မိုင်အကွာတွင် မန္တလေးနှင့် ပခုက္ကူဆက်သွယ်ထားသော ကားလမ်းမကြီးတည်ရှိပြီး ကြံ့စိမ့်ကျေးရွာ၏ အရှေ့ဘက် (၂)မိုင်ခန့်အကွာတွင် ရေစကြိုမြို့နယ် ၊ သရက်ပက်ကန်ကျေးရွာ၊ ကြံ့စိမ့်ကျေးရွာ၏ အရှေ့တောင်ဘက်ဘက် (၃)ဖာလုံတွင် ရွာသာအေးနှင့် ထန်းပင်ချောင်းရွာသည် ကြံ့စိမ့်ရွာနှင့်(၅)ဖာလုံအကွာတွင် တည်ရှိသည်။ ကြံ့စိမ့်ကျေးရွာ၏ တောင်ဘက်တွင် ကျောက်ဖူးကျေးရွာသည် (၂)မိုင် အကွာတွင်ရှိပါသည်။ ပခုက္ကူမြို့သည် ကျောက်ဖူးနှင့် (၁၆)မိုင်အကွာတွင်ရှိပြီး ကြံ့စိမ့်နှင့်ပခုက္ကူမြို့သည် (၁၈)မိုင်ကွာဝေးပါသည်။ ကြံ့စိမ့်ရွာ၏(၂)မိုင်ခန့်အကွာအနောက်ဖက်တွင် ဝါးကန်ရွာရှိပါသည်။ ဝါးကန်ရွာမှ တစ်ဆက်တွင် မန်းကျီးစုရွာသည် (၂)မိုင်ခန့်ကွာဝေးပြီး ကြံ့စိမ့်ရွာနှင့် (၄)မိုင်ကွာဝေးပါသည်။ မန်းကျီးစုရွာသည် မြိုင်မြို့နှင့်(၁၄)မိုင်ကွာဝေးပါသည်။

### လူမှုရေးပြအခြေအနေ

ကြံ့စိမ့်ကျေးရွာသည် အိမ်ခြေစုစုပေါင်း (၅၇)အိမ်ရှိပါသည်။ အိမ်ထောင်စု စုစုပေါင်း (၅၂)အိမ်ရှိပါသည်။ အမျိုးသားဦးရေ (၁၂၂)ယောက်ရှိပါသည်။ အမျိုးသမီးဦးရေ (၁၄၂)ယောက်ရှိပါသည်။ စုစုပေါင်း(၂၆၄)ဦးရှိပါသည်။ (၅)နှစ်အောက်ကလေးငယ်ကျား (၁၀)ယောက် ၊ မ(၁၃)ယောက် စုစုပေါင်း (၂၃)ယောက်ရှိပါသည်။ (၅)နှစ်မှ (၁၃)နှစ်အောက် ကျား(၁၅)ယောက် ၊ မ(၁၈)ယောက်စုစုပေါင်း (၃၃)ယောက်ရှိပါသည်။ (၁၃)နှစ်မှ (၁၈)နှစ်အောက် ကျား(၁၂)ယောက်၊မ(၁၇)ယောက်ရှိပါသည်။ (၁၈)နှစ်မှ (၃၅)နှစ်အောက်ကျား(၃၁)ယောက်၊ မ(၄၃)ယောက် စုစုပေါင်း(၇၄)ယောက်ရှိပါသည်။ (၆၀)နှစ်အထက်ကျား(၁၁)ယောက်၊ မ(၉)ယောက် စုစုပေါင်း (၂၀)ယောက်ရှိပါသည်။

Scanned by CamScanner

စီးပွားရေးအလုပ်အကိုင်

ကြံစိမ့်ကျေးရွာ၏ စီးပွားရေးအလုပ်အကိုင်များမှာ တောင်သူ ၊ ထန်း ၊ နေ့စားအလုပ်၊ စက်ချုပ်နှင့် ရွှေ့ပြောင်းအလုပ်တို့ဖြစ်ကြပါသည်။ ကြံစိမ့်ကျေးရွာတွင် တောင်သူ(၂၂)ဦး ရှိပါသည်။ ထန်းလုပ်သားမှာ(၂)ဦးရှိပါသည်။ ကြံစိမ့်ကျေးရွာ၏ နေ့စားအလုပ်သမားများမှာ ၁၀% ရှိပြီး ရွှေ့ပြောင်းအလုပ်သမားမှာ ၂၀% ရှိပါသည်။ ပြည်ပအလုပ်သမားမှာ(၁၃)ဦးရှိပါသည်။

ကျန်းမာရေး

ကြံစိမ့်ကျေးရွာတွင် ကျန်းမာရေးစောင့်ရှောက်မှု မရှိသဖြင့် ရေစကြို၊ မြို့နယ်ထန်းပင်ချောင်းရွာတွင် သွားရောက်ပြီး ကျေးလက်ဆေးပေးခန်းတွင်ဆေးကုသရပါသည်။ ကြီးမားပြင်းထန်သော ရောဂါများအတွက် ပခုက္ကူ ၊ မန္တလေးဆေးရုံကြီးများသို့ သွားရောက်ဆေးကုသကြရသည်။ လူအများစုမှာ ကျန်းမာရေးကိစ္စများအတွက် နီးစပ်ရာဆေးမီးတိုများ၊ ဆေးဆိုင်များမှာ ဆေးများကိုဝယ်ယူအသုံးပြုကြပြီး မလွှဲမရှောင်သာဖြစ်မှသာ ဆေးရုံဆေးခန်းသို့ သွားရောက်ကုသကြပါသည်။ ကြံစိမ့်ကျေးရွာတွင် အဖြစ်များသော ရောဂါများမှာ ချောင်းဆိုးရင်ကျပ်၊ ရာသီတုတ်ကွေးဖျားများအဖြစ်များပါသည်။

ပညာရေး

ကြံစိမ့်ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းမရှိပါသဖြင့်ရေစကြိုမြို့နယ်၊ ထန်းပင်ချောင်းကျေးရွာသို့ ခြေလျှင်ခရီးဖြင့် သွားရောက်သင်ယူကြရပါသည်။ အလယ်တန်းမှာလည်း ထန်းပင်ချောင်းသို့ပင်သွားရောက်သင်ယူရပါသည်။ အထက်တန်းနှင့် တက္ကသိုလ်ပညာကို ပခုက္ကူမြို့တွင်သွားရောက်သင်ယူရပါသည်။ ကြံစိမ့်ကျေးရွာတွင် မူလတန်းကျောင်းသား (၉၆)ယောက် ၊ အလယ်တန်းကျောင်းသား(၃၉)ယောက် ၊ အထက်တန်းကျောင်းသား(၁၉) ယောက်ရှိပါသည်။ တက္ကသိုလ်ဘွဲ့ရ(၁)ယောက်ရှိပြီး တက္ကသိုလ်ပညာဆက်လက်သင်ယူနေသူ (၅)ယောက်ရှိပါသည်။

ရေရရှိမှု

ကြံစိမ့်ကျေးရွာတွင် သောက်ရေ(၁)ကန် ၊ သုံးရေ (၁)ကန်နှင့် စက်ရေတွင်း (၁)တွင်း (ရေငန်)ရှိပါသည်။ သုံးရေကန်မှာရွာ၏အရှေ့မြောက်ဘက်တွင်ရှိပြီး မိုးတွင်းအခါတွင်(၄)လခန့် အသုံးပြုရပါသည်။ ထိုရေကန်ရေကုန်သွားသောအခါ ရွာ၏အရှေ့ဘက်(၂)ဖာလုံခန့် ကျောက်ရေကန်သို့ သွားရောက်သယ်ယူကြရပြီး ခိုင်းနွားနှင့် ရေစည်လှည်းရှိသူများမှာရေစည်လှည်းဖြင့် သယ်ယူကြရပြီး ရေစည်လှည်းမရှိသော သူများမှာ သံပုံးထမ်းဖြင့်ထမ်းကြရသည်။ ရေ(၁) စည်လျှင် (၁)နာရီခန့်ကြာပြီး ရေစက်ထမ်းလျှင် မိနစ်(၂၀)ခန့်ကြာကာပင်ပန်းကြီးစွာသယ်ယူ အသုံးပြုကြရပါသည်။ ထိုရေကန်(၂)ကန်မှာ (၅)လခန့်သာ အသုံးခံသည်။ထိုရေကုန်သော

Scanned by CamScanner


အခါ စက်ရေတွင်းမှရေကိုသုံးရေအဖြစ်အသုံးပြုကြသည်။ သောက်ရေကို ရွာ၏အရှေ့မြောက်ဘက်(၄)ဖာလုံခန့်အကွာတွင်ရှိသော ချောင်းတွင်ရေတွင်းဖော်၍ ပင်ပန်းကြီးစွာသွားရောက်သယ်ယူကြရပါသည်။ နွေရာသီရောက်လျှင် ရေစည်လှည်းမရှိသူများ၊ သက်ကြီးများသာရှိသော မိသားစုများနှင့်ဆင်းရဲသော မိသားစုများမှာ သောက်သုံးရေအတွက် ဒုက္ခများစွာ ခံစားကြရပါသည်။

ပုံပိုးသူ
ဦးဇော်နိုင်လင်း

အစည်းအဝေးတက်ရောက်သူ – ဦးချစ်ဆိုင်
– ဦးအေးလွင်
– ဦးငွေထိန်း
– ဦးကြည်

Scanned by CamScanner

ကျေးရွာတည်ရှိသောကြီး မြိုင်မြို့နယ် ကြာခမ်မ့်ကြီးအုပ်စု ကြာခမ်မ့်ရွာ၏ အဝဲမမကဲ မြေပုံ။



## မကွေးတိုင်းဒေသကြီး ၊ ကြံစိမ့်အုပ်စု ၊ ကြံစိမ့်ကျေးရွာ
## အိမ်မက်မြေပုံ

ရက်စွဲ ၊ ၂၃-၁-၂၀၁၇

၁။ ကြံစိမ့်ကျေးရွာတွင် အသက်ကြီးသူများ ၊ နွားလှည်းမရှိသူများ ၊ စီးပွားရေးအဆင်မပြေသူများသည် သောက်သုံးရေအလွယ်တကူရရှိစေရန်နှင့် အခြားရွာသားများအလွယ်တကူရေရရှိစေရန် ပိုက်လိုင်းများတပ်ဆင်ပေးစေလိုပါသည်။

၂။ ကြံစိမ့်ရွာတွင် ကလေးများသည် မူလတန်းကျောင်းမရှိသောကြောင့် မူလတန်းကျောင်းဖွင့်ပေးစေလိုပါသည်။


၃။ ကြံစိမ့်ရွာသည် မြို့များနှင့်ဝေးကွာပါသည်။ ကျောင်းသားကလေးငယ်များသည် ညစာကြည့်ချိန် ပြည့်စုံစေရန် လမ်းအိမ် ဘုန်းတော်ကြီးကျောင်းရှိစေတီပုတီးများ လျှပ်စစ်မီးအလင်းရောင်ရရှိစေလိုပါသည်။

၄။ ကြံစိမ့်ရွာသည် ရွာလယ်လမ်းမကြီးသည် သဲလမ်းဖြစ်ပါသောကြောင့် ကားများ၊ ဆိုင်ကယ်များသွားလာရာတွင် ခက်ခဲသောကြောင့်ကျောက်စလစ်လမ်းဖောက်လုပ်ချင်ပါသည်။

ရေနှင့် ကျန်းမာရေးကော်မတီ

| စဉ် | ကော်တီအဖွဲ့ဝင်အမည် | ကော်တီအဖွဲ့ဝင်အတွင်းရေးမှူး |
|---|---|---|
| ၁။ | ဦးပေါက်စ | ဥက္ကဋ္ဌ |
| ၂။ | ဦးငွေအောင် | နာယက |
| ၃။ | ဦးချစ်ဆိုင် | အဖွဲ့ဝင် |
| ၄။ | ဦးကျော်ငွေ | နာယက |
| ၅။ | ဦးအေးငွေ | အတွင်းရေးမှူး |
| ၆။ | ဒေါ်မြင့်ဆွေ | စာရင်းကိုင် |
| ၇။ | ဦးငွေထိန်း | အဖွဲ့ဝင် |
| ၈။ | ဒေါ်လှလှခိုင် | စာရင်းစစ် |
| ၉။ | ဦးသန်းလင်း | ဘဏ္ဍာထိန်း |

Scanned by CamScanner




Scanned by CamScanner

မကွေးတိုင်းဒေသကြီး ၊ မြိုင်မြို့နယ် ၊ ကြံစိမ့်ကြီးကျေးရွာ ၊ ကြံစိမ့်အုပ်စု

ရက်စွဲ ၊ ၂၃-၁-၂၀၁၇

ရေတင်စက် - ရေစဉ်

ရေပိုက်လိုင်းရရှိရေး အစီရင်ခံစာ

မြိုင်မြို့နယ် ၊ ကြံစိမ့်ကြီးအုပ်စု ၊ ကြံစိမ့်ကျေးရွာတွင် ရေပိုက်လိုင်းများရရှိရန် အစီရင်ခံအပ်ပါသည်။ ငွေကြေးမတတ်နိုင်ခြင်း ၊ ကျေးရွာဖွံ့ဖြိုးမှုအားနည်းခြင်းတို့ကြောင့် အလုပ်အချိန်လျော့ပါးခြင်း ၊ ထွန်ယက်စိုက်ပျိုးနည်းခြင်း ၊ ကလေးများစာကျက်ချိန်နည်းပါးခြင်း ၊ ကျန်းမာရေးထိခိုက်အောင်ဖြစ်ခြင်း ၊ အချိန်ကုန်ပြီး ရေလုံလောက်စွာမရရှိခြင်းကြောင့် ရေလုံလောက်စွာ ရရှိစေမှုသာ အဆင်ပြေမည်ဖြစ်ပါသောကြောင့် ရေပိုက်လိုင်းရရှိရန် အစီရင်ခံအပ်ပါသည်။

ရေစဉ် ၊ ရေတင်စက် ၊ ရေပိုက်လိုင်းရရှိရန်

| | | |
|---|---|---|
| ပံ့ပိုးသူ | - | ဦးပေါက်စ (အုပ်ချုပ်ရေးမှူး) |
| ဖွံ့ဖြိုးရေးအဖွဲ့ဝင် | - | ဦးကျော်သက်လွင် |
| | - | ဦးဇော်နိုင်လင်း |
| | - | ဦးစန်းညွန့်ဝင်း |
| စာရေးသူ | - | ဒေါ်လှလှခိုင် |
| | - | ဒေါ်အေးမြင့်ဆွေ |

Scanned by CamScanner

မကွေးတိုင်းဒေသကြီး ၊ မြိုင်မြို့နယ် ၊ ကြံစိမ့်ကြီးကျေးရွာ ၊ ကြံစိမ့်အုပ်စု

ရက်စွဲ ၊ ၂၃-၁-၂၀၁၇

ရေစဉ် ၊ ရေစက် ၊ ရေပိုက်လိုင်း ရရှိရေးအစီရင်ခံစာ ၊ ရေမလွယ်ကူခြင်း ပြဿနာ သစ်ပင်ဖြေရှင်းမှုစက်ကွင်းအစီရင်ခံစာ

မြိုင်မြို့နယ် ၊ ကြံစိမ့်ကြီးအုပ်စု ၊ ကြံစိမ့်ကျေးရွာ ရေစဉ် ၊ ရေစက် ၊ ရေပိုက်လိုင်း ရရှိရန် အစီရင်ခံအပ်ပါသည်။ ကြံစိမ့်ကျေးရွာသည် ကြံစိမ့်ကြီးကျေးရွာ၏ တောင်ဘက်တွင် ရှိပါသည်။ တစ်မိုင်ခန့်ကွာဝေးပါသည်။ ကြံစိမ့်ရွာ၏ အရှေ့တောင်ဘက် (၃)ဖာလုံခန့်တွင် ရွာသာအေးရွာတည်ရှိပါသည်။ အရှေ့ဘက် (၁)မိုင်ခန့်တွင် သရက်ပင်ကန်ရွာရှိပါသည်။ တောင်ဘက်(၂)မိုင်ခန့်တွင် ကျောက်ဖူးရွာရှိပါသည်။ အနောက်ဘက်(၂)မိုင်ခန့်တွင် ဝါးကန်ရွာ ရှိပါသည်။ မြိုင်မြို့၏ အရှေ့ဘက်(၁၈)မိုင်ခန့် ၊ ပခုက္ကူမြို့၏မြောက်ဘက် (၁၉)မိုင်ခန့်အကွာ အဝေးတွင် တည်ရှိပါသည်။ ကြံစိမ့်ရွာသည် ရေမလွယ်ကူခြင်း ပြဿနာဖြေရှင်းမှု စက်တွင်း ရေဆွဲရခြင်းမှာ ရေရရှိရန် မလွယ်ကူ၍ လွယ်ကူစွာ ရရှိရန်ဖြစ်ပါသည်။ ရေမလွယ်ကူခြင်းမှာ ကျေးရွာဖွံ့ဖြိုးမှုအားနည်းခြင်းကြောင့်ဖြစ်ပါသည်။ တပေါင်း၊ တခူးနေပူပြင်းသော ကာလများတွင် ကျောက်တွင်းကျောက်ကန်နက်ခြင်းကြောင့် ရေကိုလွယ်ကူစွာ မရှိပါ။ ရွာသူရွာသာများ အခက်တွေ့ရပါသည်။ ရွာမှလူကြီးများ၊ ကလေးများမှာလည်း သွားရောက်၍ မခပ်နိုင်ပါ။ အလွန်အန္တရာယ်များပါသည်။ ရေခပ်သုံးရသောကြောင့် ရွာသူရွာသားများ အလုပ်ခွင်နှောင်နှေးပါသည်။ ကျောက်တွင်း ၊ ကျောက်ကန်မှာလည်း ရွာနှင့်ဝေးပါသည်။

Scanned by CamScanner

မကွေးတိုင်းဒေသကြီး ၊ မြိုင်မြို့နယ် ၊ ကြံစိမ့်ကြီးအုပ်စု ၊ ကြံစိမ့်ကျေးရွာ၏

အစည်းအဝေးမှတ်တမ်း

| | | | |
|---|---|---|---|
| နေ့စွဲ | ၂၃-၁-၂၀၁၇ | စတင်ချိန် | ( ၁ )နာရီ |
| နေရာ | အုပ်ချုပ်ရေးမှူးအိမ် | ပြီးဆုံးချိန် | ( ၄ )နာရီ |
| ပွဲ့ပိုးသူ | ဦးပေါက်စ | ကြာချိန် | ( ၃ )နာရီ |

ရည်ရွယ်ချက်- ပြဿနာ သစ်ပင်ဖြေရှင်းမှု စက်ကွင်းရေးဆွဲခြင်း

ကြံစိမ့်ကျေးရွာ၏ ရေမလွယ်ကူခြင်းပြဿနာ သစ်ပင်ဖြေရှင်းမှုစက်ကွင်းရေးသူမှာ ကိုကျော်သက်လွင်ဖြစ်ပါသည်။ ငွေကြေးမတတ်နိုင်ခြင်း ၊ ကျေးရွာဖွံ့ဖြိုးမှုအားနည်းခြင်း ၊ သောက်သုံးရေ လွယ်ကူစွာမရရှိခြင်းကို ကိုပေါက်စမှ အကြံပေးပြောကြားပါသည်။

မှတ်တမ်းလိုက်ကူးသူအမည်-ဦးကျော်သက်လွင် ခေါင်းဆောင်အမည် -ဦးလေးလွင်

လက်မှတ်- လက်မှတ်-

မကွေးတိုင်းဒေသကြီး ၊ မြိုင်မြို့နယ် ၊ ကြံစိမ့်ကြီးအုပ်စု ၊


ကြံစိမ့်ကျေးရွာ၏ အစည်းအဝေးမှတ်တမ်း

| စဉ် | အမည် | လက်မှတ် |
|---|---|---|
| ၁။ | ဦးပေါက်စ | |
| ၂။ | ဦးကျော်ငွေ | |
| ၃။ | ဦးငွေအောင် | |
| ၄။ | ဦးအေးလွင် | |
| ၅။ | ဦးကြည် | |
| ၆။ | ဦးကျော်သက်လွင် | |
| ၇။ | ဦးဇော်နိုင်လင်း | |

Scanned by CamScanner

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ကံ့စီမြ အုပ်စု ကံ့စီမြ ကျေးရွာ

ဝန်ဆောင်မှုနှင့် အချိတ်အဆက်ပြပုံ



## မကွေးတိုင်းဒေသကြီး ၊ မြိုင်မြို့နယ် ၊ ကြံစိမ့်ကြီးအုပ်စု ၊ ကြံစိမ့်ကျေးရွာ ဝန်ဆောင်မှုနှင့် အခွင့်အလမ်း

ကြံစိမ့်ကျေးရွာ၏ မြောက်ဘက် (၁)မိုင်တွင် ကြံစိမ့်ကြီးကျေးရွာရှိပါသည်။ ကြံစိမ့်ကျေးရွာသို့ လူမှုရေးသွားရပါသည်။ ကြံစိမ့်ကြီးကျေးရွာမြောက်ဘက်တွင် ရှင်မတောင်ရှိပါသည်။ ရှင်မတောင်သို့ ဘုရားဖူးဆွမ်းလောင်းသွားရပါသည်။ ကြံစိမ့်ကျေးရွာ၏ အရှေ့ဘက်(၁)မိုင်ခန့်တွင် သရက်ပင်ကန်ကျေးရွာရှိပါသည်။ သရက်ပင်ကန်ရွာသို့ လူမှုရေးသွားရပါသည်။ သရက်ပင်ကန်ကျေးရွာ၏ အရှေ့ဘက် (၄)မိုင်ခန့်တွင် ပုခန်းကြီးမြို့ဟောင်းရှိပါသည်။ ပုခန်းကြီးမြို့ဟောင်းသို့ ဈေးဝယ်သွားပါသည်။ ကြံစိမ့်ရွာ၏အရှေ့တောင်ဘက်(၃)ဖာလုံခန့်တွင် ရွာသာအေးရွာရှိပါသည်။ ရွာသာအေးရွာသို့ လူမှုရေးသွားရပါသည်။ ရွာသာအေးရွာ၏တောင်ဘက်(၂)ဖာလုံခန့်တွင် ထန်းပင်ချောင်းကျေးရွာရှိပါသည်။ ထန်းပင်ချောင်းရွာသို့လူမှုရေးနှင့် ကျောင်းသား/သူများ ကျောင်းတက်ရပါသည်။ ကြံစိမ့်ရွာ၏တောင်ဘက်(၂)မိုင်ခန့်တွင် ကျောက်ဖူးကျေးရွာရှိပါသည်။ ကျောက်ဖူးရွာသို့ လူမှုရေးသွားရပါသည်။ ကျောက်ဖူးရွာ၏ တောင်ဘက်(၁၆)မိုင်ခန့်တွင် ပခုက္ကူမြို့ရှိပါသည်။ ပခုက္ကူမြို့သို့ (၉)တန်း(၁၀)တန်းကျောင်းသား ကျောင်းတက်ရပါသည်။ ၎င်းနောက် ကောက်ပဲသီးနှံများ ရောင်းဝယ်ရသော မြို့ဖြစ်ပါသည်။ ကြံစိမ့်ကျေးရွာ၏ အနောက်ဘက်(၂)မိုင်ခန့်တွင် ဝါးကန်ရွာရှိပါသည်။ ဝါးကန်ရွာသို့ လူမှုရေး သွားရပါသည်။ ဝါးကန်ရွာ၏အနောက်ဘက်(၂)မိုင်ခန့်တွင် မကျီးစုရွာရှိပါသည်။ မကျီးစုကျေးရွာသို့ လူမှုရေးသွားရပါသည်။ မကျီးစုကျေးရွာ၏ အနောက်ဘက်တွင် မြိုင်မြို့ရှိပါသည်။ ကြံစိမ့်ရွာနှင့် မြိုင်မြို့သည် (၁၈)မိုင်ခန့်သွားရပါသည်။ လူမှုအခွင့်အရေးကိစ္စများသွားရပါသည်။


## မကွေးတိုင်းဒေသကြီး ၊ မြိုင်မြို့နယ် ၊ ကြံစိမ့်ကြီးအုပ်စု ၊ ကြံစိမ့်ကျေးရွာ၏ အစည်းအဝေးမှတ်တမ်း

| | | |
|---|---|---|
| နေ့စွဲ | – | ၂၃-၁-၂၀၁၈ |
| နေရာ | – | အုပ်ချုပ်ရေးမှူးအိမ် |
| ပံ့ပိုးသူ | – | ဦးပေါက်စ |
| အစည်းအဝေးတက်ရောက်သူ | – | ဦးကြည် |
| | – | ဦးငွေအောင် |
| | – | ဦးသန်းလင်း |
| | – | ဦးကျော်ငွေ |
| | – | ဦးဖိုးလုံး |

Scanned by CamScanner

သောကဘို လဲရေသကြီး၊ မြို့မြို့နယ် ကြံခင်း ရွာကြီး၊ ဟုပ်စု ကြံခင်းကျေးရွာ၏
လူမှုကာကွယ်စောင့်ရှောက်မှု

- အမျိုးသား
- အမျိုးသမီး



## မကွေးတိုင်းဒေသကြီး ၊ မြိုင်မြို့နယ် ၊ ကြံစိမ့်ကြီးအုပ်စု ၊ ကြံစိမ့်ကျေးရွာ၏ လူမှုကာကွယ်ရေးစောင့်ရှောက်မှု မြေပုံ၏အစီရင်ခံစာ

ကြံစိမ့်ကျေးရွာသည် မကွေးတိုင်းဒေသကြီး ၊ မြိုင်မြို့နယ် ၊ ကြံစိမ့်ကြီးအုပ်စုတွင်တည်ရှိပါသည်။ ကြံစိမ့်ရွာ၏မြောက်ဘက်(၁)မိုင်ခန့်တွင် ကြံစိမ့်ကြီးရွာရှိပါသည်။ ကြံစိမ့်ရွာ၏အရှေ့တောင်ဘက် (၃)ဖာလုံခန့်တွင် ရွာသာအေးရွာတည်ရှိပါသည်။ အရှေ့ဘက်(၁)မိုင်ခန့်တွင် သရက်ကန်ရွာရှိပါသည်။ တောင်ဘက်(၂)မိုင်ခန့်တွင်ကျောက်ဖူးရွာရှိပါသည်။ အနောက်ဘက်(၂)မိုင်ခန့်တွင် ဝါးကန်ရွာရှိပါသည်။ မြိုင်မြို့၏အရှေ့ဘက်(၁၈)မိုင်ခန့် ၊ ပခုက္ကူမြို့၏မြောက်ဘက်(၁၉)မိုင်ခန့်အကွာအဝေးတွင် ရှိပါသည်။

### စုပေါင်းပါဝင်မှု

မကွေးတိုင်းဒေသကြီး ၊ မြိုင်မြို့နယ် ၊ ကြံစိမ့်ကြီးအုပ်စု၊ ကြံစိမ့်ရွာ၏ ပါဝင်မှုမှာ အမျိုးသား(၇၀)ရာခိုင်နှုန်း ၊ အမျိုးသမီး (၃၀)ရာခိုင်နှုန်း ဖြစ်ပါသည်။ လုပ်ငန်းတစ်ခုတွင် စုပေါင်းလုပ်ဆောင်ရာ၌ အများစု ပါဝင်သူမှာ အမျိုးသားများဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသားများမှာအားကောင်းသောကြောင့်ဖြစ်ပါသည်။

### လုံခြုံမှု

ကြံစိမ့်ကျေးရွာ၏ လုံခြုံမှုမှာ အမျိုးသား(၁၁)ရာခိုင်နှုန်းအမျိုးသမီး(၄၅)ရာခိုင်နှုန်းဖြစ်ပါသည်။ လုံခြုံမှုပိုင်းတွင် အမျိုးသားများနှင့်အမျိုးသမီးသည်အများအပြားကွာခြားပါသည်။

### ခေါင်းဆောင်မှု

ကြံစိမ့်ရွာ၏ ခေါင်းဆောင်မှုမှာအမျိုးသား(၆၀)ရာခိုင်နှုန်းနှင့် အမျိုးသမီး(၄၀) ရာခိုင်နှုန်းဖြစ်သည်။ ရပ်ရွာတွင် ဦးဆောင်၍ လုပ်ရမည့်လုပ်ငန်းများတွင် အများဆုံးဝါဝင်သူမှာ အမျိုးသားများဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသားများသည် တက်တက်ကြွကြွနှင့် ဦးဆောင်မှုကောင်းပါသည်။

### ပစ္စည်းဥစ္စာပိုင်ဆိုင်မှု

ကြံစိမ့်ရွာ၏ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုမှာ အမျိုးသားများရှာဖွေသမျှပစ္စည်းဥစ္စာတို့ကို အမျိုးသမီးများထံအပ်ကြသည်။ အမျိုးသမီးများသည်လည်း မိမိတို့ရှာဖွေသော ပစ္စည်းများကို အမျိုးသားများထံ အပ်နှံကြသည်။ ထို့ကြောင့် ပစ္စည်းဥစ္စာပိုင်ဆိုင်မှုမှာ တူညီမှုရှိသည်။

### ပညာတတ်မြောက်မှု

ကြံစိမ့်ရွာ၏ ပညာတတ်မြောက်မှုမှာ အမျိုးသား(၅၀)ရာခိုင်နှုန်း ၊ အမျိုးသမီး(၅၀)ရာခိုင်နှုန်းဖြစ်ပါသည်။ အရွယ်ရောက်လာလျှင် စီးပွားရေးအဆင်မပြေသော်လည်း ပညာရေးကိုအဓိကထားပါသည်။ ဝင်ငွေရရန် အလုပ်လည်းလုပ်ရပါသည်။ အမျိုးသမီးများမှာလည်း အလုပ်ကြမ်းများမလုပ်နိုင်သောကြောင့် ကျောင်းထုတ်မခံရဘဲ ကျောင်းဆက်နေရပါသည်။ ပညာတတ်မြောက်မှုမှာ အမျိုးသမီးနှင့် အမျိုးသားတူညီမှုရှိပါသည်။

Scanned by CamScanner

အလုပ်အကိုင်အခွင့်အရေး

ကြံစိမ့်ရွာ၏အလုပ်အကိုင်အခွင့်အရေးမှာ အမျိုးသား(၆၀)ရာခိုင်နှုန်းနှင့် အမျိုးသမီး (၄၀)ရာခိုင်နှုန်းဖြစ်ပါသည်။ အမျိုးသားများသည် လုပ်ငန်းအများစု၌ နေရာတကာ ပါဝင်ကြသည်။ ပညာရေးနှင့် ပတ်သက်၍ အလုပ်အကိုင်ကိစ္စခေါ်ရာတွင် အမျိုးသားများမှာ ဦးစားပေးခံရသည်။ အခွင့်အရေးလည်းပိုပါသည်။

ရပ်ရွာတွင် ဆုံးဖြတ်ချက်ချနိုင်မှု

ကြံစိမ့်ရွာ၏ ရပ်ရွာဆုံးဖြတ်ချက်ချရန်မှာ အမျိုးသား(၇၀)ရာခိုင်နှုန်း နှင့် အမျိုးသမီး (၃၀)ရာခိုင်နှုန်းဖြစ်ပါသည်။ အမျိုးသားများသည် ဦးစီးဦးဆောင်လုပ်ရသည်။ အဘယ်ကြောင့်ဆိုသော် ရပ်ရွာတွင် ဆယ်အိမ်ခေါင်းကော်မတီများမှာ အမျိုးသားများပါဝင်သည်။ ထို့ကြောင့် ရပ်ရွာတွင် ဆုံးဖြတ်ချက်ချရာ၌ အမျိုးသားများသည် အမျိုးသမီးများထက် ထိရောက်မှုအားများပါသည်။

အိမ်မှုကိစ္စ

ကြံစိမ့်ရွာ၏ အိမ်မှုကိစ္စပိုင်းတွင် အမျိုးသား ၂၅% ၊ အမျိုးသမီး၇၅%ဖြစ်သည်။ အမျိုးသားများသည် ဝင်ငွေရလုပ်ငန်းများကို လုပ်ကိုင်နေသည့်အတွက် အိမ်မှုကိစ္စများ၌ ပါဝင်မှုနည်းပါးသည်။ အမျိုးသမီးများမှာ အိမ်မှုကိစ္စများ၌အမြဲတမ်းလုပ်ကိုင်နေရသည့်အတွက် အိမ်မှုကိစ္စပိုင်း၌ အမျိုးသားများထက် ရာခိုင်နှုန်းပိုများပါသည်။

ဝင်ငွေရရှိမှု

ကြံစိမ့်ရွာ၏ဝင်ငွေရှိမှုမှာ အမျိုးသား(၇၀)ရာခိုင်နှုန်းနှင့် အမျိုးသမီး(၃၀)ရာခိုင်နှုန်းဖြစ်ပါသည်။ အမျိုးသားများသည် ဝင်ငွေရလုပ်ငန်းများကို လုပ်ကိုင်ရာ၌ အမျိုးသမီးများထက်များသည်။ ဥပမာ–ရွာတွင်လုပ်ကိုင်သောအလုပ်များ၌ အမျိုးသားများသည် အမျိုးသမီးများထက်ပိုများသည်။

အရင်းအပြစ်အပေါ်လက်လှမ်းမီမှု

ကြံစိမ့်ရွာ၏ အရင်းအမြစ်ပေါ်လက်လှမ်းမှီမှုမှာ အမျိုးသား ၅၀% နှင့် အမျိုးသမီး ၅၀% ဖြစ်သည်။အဘယ်ကြောင့်ဆိုသော် အရင်းအမြစ်အပေါ်လက်လှမ်းမီမှုမှာ အမျိုးသားများနှင့် အမျိုးသမီးများမှာ ညီတူညီမျှဖြစ်သည်။ အမျိုးသမီးများသည် အမျိုးသားများနှင့် ရင်ဘောင်တန်းနိုင်သောကြောင့်ဖြစ်သည်။

Scanned by CamScanner

## မကွေးတိုင်းဒေသကြီး ၊ မြိုင်မြို့နယ် ၊ ကြဲစိမ့်ကြီးအုပ်စု ၊ ကြဲစိမ့်ကျေးရွာ၏ အစည်းအဝေးမှတ်တမ်း

| | | | |
|---|---|---|---|
| နေ့စွဲ | ၂၃-၁-၂၀၁၇ | စတင်ချိန် | ( ၁ )နာရီ |
| နေရာ | အုပ်ချုပ်ရေးမှူးအိမ် | ပြီးဆုံးချိန် | ( ၄ )နာရီ |
| ပုံမှီသူ | ဦးပေါက်စ | ကြာချိန် | ( ၃ )နာရီ |

ရည်ရွယ်ချက်- လူမှုကာကွယ် စောင့်ရှောက်မှုဇယား

ကျေးရွာဖွံ့ဖြိုးရေးလူငယ်ဦးကျော်သက်လွင်မှ အစည်းအဝေးတက်ရောက်လာသူများအား ကြိုဆိုကာလူမှုကာကွယ်စောင့်ရှောက်မှုဇယား ပုံဆွဲရခြင်း၏ရည်ရွယ်ချက်ကို ရှင်းပြရပါသည်။ ဦးကျော်ငွေမှလည်း ရွာသူရွာသားများအား အချိန်များကိုတောင်းဆိုပါသည်။ ကျေးရွာဥက္ကဋ္ဌဦးပေါက်စမှ ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးဖြစ်သည့်အတွက် အချိန်ပေးရမည်ဟုပြောပါသည်။ လူမှုကာကွယ်စောင့်ရှောက်မှုတွင် အမျိုးသားမည်မျှရာနှုန်း ၊ အမျိုးသမီးမည်မျှရာနှုန်းဖြစ်သည်ဟု ဦးကျော်သက်လွင်မှ အကြံပေးပါသည်။

## မကွေးတိုင်းဒေသကြီး ၊ မြိုင်မြို့နယ် ၊ ကြဲစိမ့်ကျေးရွာ၏ အစည်းအဝေးမှတ်တမ်း

| စဉ် | အမည် | လက်မှတ် |
|---|---|---|
| ၁။ | ဦးပေါက်စ | |
| ၂။ | ဦးငွေအောင် | |
| ၃။ | ဦးအေးလွင် | |
| ၄။ | ဦးသန်းလင်း | |
| ၅။ | ဦးချစ်ဆိုင် | |
| ၆။ | ဦးကြည် | |
| ၇။ | ဦးကျော်ငွေ | |

Scanned by CamScanner

မကွေးတိုင်းဒေသကြီး ၊ မြိုင်မြို့နယ် ၊ ကြံစိမ့်ကြီးအုပ်စု ၊ ကြံစိမ့်ကျေးရွာ၏ ထူးခြားဖြစ်စဉ်ပြဇယား

| စဉ် | ခုနှစ် | အကြောင်းအရာ | အကျိုးသက်ရောက်မှု | |
|---|---|---|---|---|
| | | | ကောင်းကျိုး | ဆိုးကျိုး |
| ၁။ | သက္ကရာဇ်နှစ် – ၁၃၄၈<br>ခရစ်နှစ် – ၁၉၈၈ | စက်ရေတွင်းတူးဖော်ခြင်း | ရေရရှိခြင်း | ရေငံဖြစ်ခြင်း |
| ၂။ | သက္ကရာဇ်နှစ် – ၁၃၁၈<br>ခရစ်နှစ် – ၁၉၅၇ | ကျောက်ရေတွင်းတူးဖော်ခြင်း | သောက်သုံးရေ ရရှိခြင်း | ရေတွင်းနက်ခြင်း<br>လှေခါးအဆင့်အတက်လွယ်ခြင်း |
| ၃။ | သက္ကရာဇ်နှစ် – ၁၃၇၀<br>ခရစ်နှစ် – ၂၀၀၉ | မူလတန်းကျောင်းရရှိခြင်း | | အကောင်အထည်<br>မဖော်နိုင်ခြင်း |
| ၄။ | သက္ကရာဇ်နှစ် – ၁၃၇၇<br>ခရစ်နှစ် – ၂၀၁၆ | မိုးရွာသွန်းမှုလွန်ကဲခြင်း | စိုက်ပျိုးသီးနှံရရှိခြင်း | |
| ၅။ | သက္ကရာဇ်နှစ် – ၁၃၇၇<br>ခရစ်နှစ် – ၂၀၁၆ | မြေငလျင်လှုပ်ခြင်း | | ဘုရားစိန်ဖူးတော်မြေခြင်း |
| ၆။ | သက္ကရာဇ်နှစ် – ၁၃၇၄<br>ခရစ်နှစ် – ၂၀၁၃ | IDE မှ လှူဒါန်း၍<br>ဘုန်းကြီးကျောင်းကန်ပြုပြင်ခြင်း | သုံးရေရရှိခြင်း | |

Scanned by CamScanner

## မကွေးတိုင်းဒေသကြီး ၊ မြိုင်မြို့နယ် ၊ ကြံစိမ့်ကြီးအုပ်စု ၊ ကြံစိမ့်ရွာ ထူးခြားဖြစ်စဉ်ပြဇယားအစီရင်ခံစာ

တည်နေရာ

ကြံစိမ့်ကျေးရွာသည် မကွေးတိုင်းဒေသကြီး ၊ မြိုင်မြို့နယ် ၊ ကြံစိမ့်ကြီးအုပ်စုတွင် တည်ရှိပါသည်။ ကြံစိမ့်ကြီးရွာ၏ တောင်ဘက်(၁)မိုင်ခန့်တွင်တည်ရှိပါသည်။ အရှေ့တောင်ဘက်တွင် (၃)ဖာလုံခန့်တွင်ရွာသာအေးရွာတည်ရှိပါသည်။ ကြံစိမ့်ရွာ၏ ခန့်တွင် သရက်ပင်ကန်ရွာရှိပါသည်။ တောင်ဘက်တွင်(၂)မိုင်ခန့်တွင် အရှေ့ဘက် (၁)မိုင် အနောက်ဘက်(၂)မိုင်ခန့်တွင် ဝါးကန်ရွာရှိပါသည်။ ကျောက်ဖူးရွာ ရှိပါသည်။

ကြံစိမ့်ရွာသည် မြန်မာနှစ် ၁၃၄၈–ခုနှစ် ၊ သက္ကရာဇ် ၁၉၈၆ တွင်နိုင်ငံတော်မှ စက်ရေတွင်း တူးဖော်ပေးပါသည်။ ရေငံတွင်းဖြစ်ပါသည်။ သောက်ရေမရပါ။ ကျွဲ၊ နွား တိရိစ္ဆာန်များအတွက် ရေရှိပါသည်။ မြန်မာနှစ်–၁၃၁၈ ၊ သက္ကရာဇ်–၁၉၅၇ တွင် ဆရာတော် ဦးသုမနမှ ဦးဆောင်၍ ကျောက်ကန်တူးဖော်ပေးပါသည်။ သောက်ရေရရှိပါသည်။ ရေတွင်းမှာ လေ့ခါးအဆင်းအတက်ဖြစ်ပါသည်။ ရေကိုလွယ်ကူစွာမရရှိခြင်းဖြစ်ပါသည်။ ရေတွင်း ရေကိုအချိန်ပေး လုပ်ရသောကြောင့် လုပ်ငန်းခွင်နှောင့်နှေးပါသည်။ သို့ဖြစ်ပါ၍ မြန်မာနှစ် ၁၃၇၀၊ သက္ကရာဇ်–၂၀ဝ၉ ခုနှစ်တွင် မူလတန်းကျောင်းရရှိပါသည်။ သို့သော်လည်း ရွာမှငယ်ခြင်း၊ ဖွံ့ဖြိုးမှုနည်းခြင်းကြောင့်ရွာမှ ကလေးငယ်များ ထန်းပင်ချောင်းသို့ ကျောင်းသွားတက်ရပါသည်။ ကျောင်းမဆောင်လုပ်နိုင်ခဲ့ပါ။

မြန်မာနှစ်–၁၃၇၇ ၊ သက္ကရာဇ်–၂၀၁၆ ခုနှစ်တွင် မိုးရွာသွင်းမှု လွန်ကဲမှုကြောင့် စိုက်ပျိုးသီးနှံများ ရရှိပါသည်။ စားဝတ်နေရေးမဖူလုံပါ။ မြန်မာနှစ်–၁၃၇၄ ၊ သက္ကရာဇ်–၂၀၁၃ ခုနှစ်တွင် I D E မှ ငွေများလှူဒါန်း၍ ဘုန်းကြီးကျောင်းကန် ပြုပြင်ခဲ့ပါသည်။ သုံးရေ ရရှိပါသည်။ရွာနှင့်ဝေးပါသည်။ မြန်မာနှစ် ၁၃၇၇ ၊ သက္ကရာဇ် ၂၀၁၆ ခုနှစ်တွင် မြေလျှောင်လှုပ်၍ ဘုရားစိန်ဖူးတော် မြေခခဲ့ပါသည်။ ရွာသူရွာသားများ ဝမ်းနည်းခဲ့ရပါသည်။ မြေလျှောင်လှုပ်ခြင်းကြောင့် စိုက်ပျိုးသီးနှံဖြစ်ထွန်းသော်လည်း အထွက်နှုန်းလျော့ပါသည်။ မြေလျှောင်လှုပ်ခြင်း၏ ဆိုးကျိုးဖြစ်ပါသည်။

အစည်းအဝေးတက်ရောက်သူများ

| စဉ် | အမည် | လက်မှတ် |
|---|---|---|
| ၁။ | ဦးငွေအောင် | |
| ၂။ | ဦးကြည် | |
| ၃။ | ဦးကျော်သက်ဆွေ | |
| ၄။ | ဦးဇော်နိုင်လင်း | |
| ၅။ | ဦးပေါက်စ | |
| ၆။ | ဒေါ်လှလှခိုင် | |

Scanned by CamScanner

## မကွေးတိုင်းဒေသကြီး ၊ မြိုင်မြို့နယ် ၊ ကြံစိမ့်ကြီးအုပ်စု ၊ ကြံစိမ့်ရွာ၏ အစည်းအဝေးမှတ်တမ်း

| | | | |
|---|---|---|---|
| | ၂၃-၁-၂၀၁၇ | စတင်ချိန် | ( ၁ )နာရီ |
| နေ့စွဲ | အုပ်ချုပ်ရေးမှူးအိမ် | ပြီးဆုံးချိန် | ( ၅ )နာရီ |
| နေရာ | ဒေါ်လှလှခိုင် | ကြာချိန် | ( ၃ )နာရီ |
| ပုံပိုးသူ | | | |

ရည်ရွယ်ချက် - ထူးခြားဖြစ်စဉ်ပြဇယားရေးဆွဲခြင်း

ကြံစိမ့်ကျေးရွာ၏ ထူးခြားဖြစ်စဉ်ပြဇယားရေးဆွဲသူမှာ ဦးကြည်ဖြစ်ပါသည်။ ထူးခြားမှုနှင့် ပတ်သက်၍ မြန်မာနှစ် ၁၃၄၈ ၊ သက္ကရာဇ် ၁၉၈၆ ခုနှစ်တွင် စက်ရေတွင်းတူးဖော်ခြင်း၊ မြန်မာနှစ် ၁၃၁၈ သက္ကရာဇ် ၁၉၅၇ ခုနှစ်တွင် ကျောက်ရေတွင်းတူးဖော်ခြင်း ၊ မြန်မာနှစ် ၁၃၇၇ သက္ကရာဇ် ၂၀၁၆ ခုနှစ်တွင် မိုးရွာသွန်းမှုလွန်ကဲခြင်း စသည်တို့ဖြစ်ပါသည်။ ဦးကြည်မှ ပြောကြားပါသည်။ ဦးဌေးအောင် မှလည်းပြောကြားပါသည်။

မှတ်တမ်းရေးသူအမည် - ဦးဇော်နိုင်လင်း　　ခေါင်းဆောင်အမည်-ဦးပေါက်စ

လက်မှတ် -　　လက်မှတ် -

## မကွေးတိုင်းဒေသကြီး ၊ မြိုင်မြို့နယ် ၊ ကြံစိမ့်ကြီးအုပ်စု ၊ ကြံစိမ့်ရွာ၏ ရာသီခွင်ပြဇယား

### တည်နေရာ


ကြံစိမ့်ကျေးရွာသည် မကွေးတိုင်းဒေသကြီး ၊ မြိုင်မြို့နယ် ၊ ကြံစိမ့်ကြီးအုပ်စုတွင် တည်ရှိပါသည်။ ကြံစိမ့်ကျေးရွာသည် ကြံစိမ့်ကြီးရွာ၏တောင်ဘက် တစ်မိုင်ခန့်ကွာဝေးပါသည်။ ကြံစိမ့်ရွာ၏ အရှေ့တောင်ဘက် (၃)ဖာလုံခန့်တွင် ရွာသာအေးရွာ တည်ရှိပါသည်။ အရှေ့ဘက်(၁)မိုင်ခန့်တွင် သရက်ပင်ကန်ရွာရှိပါသည်။ တောင်ဘက် (၂)မိုင်ခန့်တွင် ကျောက်ဖူးရွာရှိပါသည်။ အနောက်ဘက်(၂)မိုင်ခန့်တွင် ဝါးကန်ရွာရှိပါသည်။ မြိုင်မြို့၏ အရှေ့ဘက်(၁၈)မိုင်ခန့် ၊ ပခုက္ကူမြို့၏ မြောက်ဘက် (၁၈)မိုင်ခန့်အကွာအဝေးတွင်တည်ရှိပါသည်။

ကြံစိမ့်ကျေးရွာတွင် အိမ်ထောင်စု ဦးရေ(၅၇)စုရှိပြီး လူဦးရေ စုစုပေါင်း(၂၆၄) ဦးနေထိုင်ကြပါသည်။ ကြံစိမ့်ကျေးရွာသည် ဗမာလူမျိုးများသာ နေထိုင်ပြီး ဗုဒ္ဓဘာသာ ကိုးကွယ်ကြပါသည်။

### တန်ခူး/ကဆုန်

ကြံစိမ့်ကျေးရွာတွင် တန်ခူး၊ ကဆုန်လတွင် နေပူ၍ တခါတရံ မိုးရွာတတ်ပါသည်။ ကဆုန်လတွင် စိုက်ပျိုးရေးအားဖြင့် မြေပဲ၊ ပဲစိမ်းကုန်၊ ပဲတီစိမ်း တို့ကို စိုက်ပျိုးပါသည်။ ကျန်းမာရေးတွင် နေပူ၍ မျက်စိနာတတ်ပါသည်။ ပွဲတော်မှာတန်ခူးလတွင် သင်္ကြန်ပွဲရှိပါသည်။ နေ့စားဝင်ငွေမှာ (၅၀၀၀)ကျပ်ရရှိပါသည်။ တောင်သူထွက်ငွေမှာ(၃၀၀၀)ကျပ်ဖြစ်ပါသည်။

Scanned by CamScanner



Scanned by CamScanner

နယုန် ၊ ဝါဆို ၊ ဝါခေါင်

ကြံစိမ့်ရွာတွင် နယုန် ၊ ဝါဆို ၊ ဝါခေါင်လတို့တွင် မိုးများရွာသွန်းပါသည်။ စိုက်ပျိုးထားသော သီးပင်များလည်း ပေါက်ခါစ အချိန်ဖြစ်ပါသည်။ ပွဲတော်များမှာ ဘုရားပွဲများ ၊ သင်္ကန်းကပ်ပွဲများ ကျင်းပကြပါသည်။ ယခုလများတွင် နေ့စားဝင်ငွေမှာ တစ်နေ့ (၅၀၀၀) ဖြစ်ပြီး ထွက်ငွေမှာ တစ်နေ့(၄၀၀၀)ကျပ်ဖြစ်ပါသည်။ တောင်သူ၏ ဝင်ငွေမှာ မရှိပါ။ ထွက်ငွေမှာ (၃)သောင်းခန့်ရှိပါသည်။

တော်သလင်း ၊ သီတင်းကျွတ် ၊ တန်ဆောင်မုန်း

ယခုလများတွင် မိုးရွာသွင်းနေပါသည်။ သီးနှံမှာ နှမ်းများစိုက်ပျိုးနေပါသည်။ ဘာသာရေးပွဲတော်အားဖြင့် သီတင်းကျွတ်မီးထွန်းပွဲတော် ကျင်းပလေ့ရှိပါသည်။ ကျန်းမာရေးအားဖြင့် ဝမ်းပျက်ဝမ်းလျော ရောဂါများဖြစ်တတ်ပါသည်။ နေ့စားဝင်ငွေမှာ တစ်နေ့လျှင် (၅၀၀၀)ကျပ်ခန့်ရှိပါသည်။ တောင်သူတစ်ဦး၏ ထွက်ငွေမှာ (၃၀၀၀)ခန့်ရှိပါသည်။

နတ်တော် ၊ ပြာသို

ကြံစိမ့်ရွာတွင် ယခုလ၌ ထိမ်အသင့်အတင့်ရှိပါသည်။ စိုက်ပျိုးထားသော သီးနှံများ ရိတ်သိမ်းကြပါသည်။ ဘာသာရေးပွဲတော်မှာ ပြာသိုလတွင် ပဌာန်းပွဲများ ကျင်းပလေ့ရှိပါသည်။ နေ့စားဝင်ငွေမှာ တစ်နေ့လျှင် (၅၀၀၀)ခန့်ရှိပါသည်။ ထွက်ငွေမှာ တစ်နေ့လျှင် (၃၀၀၀)ခန့်ရှိပါသည်။ တောင်သူ၏ ဝင်ငွေမှာ (၁၀၀၀၀၀)ခန့်ရှိပြီး ထွက်ငွေမှာ (၃၀၀၀၀)ခန့်ရှိပါသည်။

တပို့တွဲ ၊ တပေါင်း

ကြံစိမ့်ရွာတွင် ယခုလများ၌ နေပူပြင်းသော လဖြစ်သည်။ စိုက်ပျိုးရိတ်သိမ်းပြီးသော အချိန်ဖြစ်၍ သီးနှံများ ရောင်းချနေသော အချိန်ဖြစ်ပါသည်။ နေ့စားဝင်ငွေမှာ မရှိပါ။ နေ့စားထွက်ငွေမှာ (၃၀၀၀)ခန့်ဖြစ်ပါသည်။ တောင်သူ၏ထွက်ငွေမှာ (၅၀၀၀၀)ကျပ်ခန့်ဖြစ်ပါသည်။

Scanned by CamScanner

## မကွေးတိုင်းဒေသကြီး ၊ မြိုင်မြို့နယ် ၊ ကံ့စိမ့်ကြီးအုပ်စု ၊ ကံ့စိမ့်ရွာ၏

## အစည်းအဝေးမှတ်တမ်း

| | | | |
|---|---|---|---|
| | ၂၁-၁၂-၂၀၁၆ | စတင်ချိန် | ( ၁ )နာရီ |
| နေ့စွဲ | ဥက္ကဋ္ဌအိမ် | ပြီးဆုံးချိန် | ( ၄ )နာရီ |
| နေရာ | ဦးပေါက်စ | ကြာချိန် | ( ၃ )နာရီ |

ပံ့ပိုးသူ

ရည်ရွယ်ချက် – ရာသီခွင်ပြဇယားရေးဆွဲခြင်း

ကျေးရွာဖွံ့ဖြိုးရေး လူငယ် ဦးကျော်သက်လွင်မှ အစည်းအဝေးတက်ရောက်သူများအား ကြိုဆိုကာ ရာသီခွင်ပြဇယား ရေးဆွဲရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းပြပါသည်။ ကျေးရွာဥက္ကဋ္ဌ ဦးဇော်နိုင်လင်းမှ ရွာသူရွာသားများအား အချိန်များကို တောင်းဆိုပါသည်။ ကျေးရွာ၏ ဖွံ့ဖြိုးမှုဖြစ်သည်အတွက် အချိန်ပေးရမည်ဟု ပြောပါသည်။ ရာသီခွင်ပြ ရေးဆွဲရာတွင် မည်သည့်လ၌ စိုက်ပျိုးသည်မည်သည့်လ၌ ရိတ်သိမ်းသည်တို့ကို ဦးပေါက်စမှ ဦးကျော်ငွေမှ အကြံပေးပြောကြားပါသည်။

မှတ်တမ်းရေးသူအမည် – ဦးအောင်ကိုမင်း

လက်မှတ် –

ပံ့ပိုးသူအမည် – ဦးပေါက်စ

လက်မှတ် –

## မကွေးတိုင်းဒေသကြီး ၊ မြိုင်မြို့နယ် ၊ ကံ့စိမ့်ကြီးအုပ်စု ၊ ကံ့စိမ့်ရွာ၏

## အစည်းအဝေးမှတ်တမ်း

| စဉ် | အမည် | လက်မှတ် |
|---|---|---|
| ၁။ | ဦးပေါက်စ | |
| ၂။ | ဦးကျော်ငွေ | |
| ၃။ | ဦးငွေအောင် | |
| ၄။ | ဦးကြည် | |
| ၅။ | ဦးသန်းလင်း | |

Scanned by CamScanner